# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
## (၂၀၁၂ ခုနှစ်၊ မတ်လ ၁၆ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၅၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃ း ၅၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၅) ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၂၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၂.၂၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များမစမီ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြရန် ရှိပါတယ်။ ပြည်ထောင်စုအစိုးရက ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးခံစားခွင့်အား ၁-၄-၂၀၁၂ ရက်နေ့မှစ၍လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက် ရှိသော အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် ဒေသစရိတ်များခံစားခွင့်ပြုရန် ပြည်ထောင်စု အစိုးရရဲ့ဆောင်ရွက်ပေးမှုကို ချီးကျူးမှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ထိုသို့ဖြစ်လာရခြင်းမှာလည်း ၇-၂-၂၀၁၂ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် ၂၁-၉-၂၀၁၁ ရက်နေ့ အဆိုပြုတင်ပြချက်အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးဆုံးဖြတ်ချက်များကို မိမိလွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတ ထံ သဝဏ်လွှာရေးသားပေးပို့မှုကြောင့် ကောင်းမွန်သောရလဒ်များ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ "ပြည်သူများရဲ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်'' ဟူတဲ့ဆောင်ပုဒ်ကို ပြည်သူ့ကိုယ်စားလှယ်များက ဆောင်ရွက်ပေးကြခြင်းဖြစ်လို့ နောင်အနာဂတ်မှာလည်း စေတနာကောင်းများဖြင့် ဆက်လက် ဆောင်ရွက်ပေးသွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ဂုဏ်ပြုပါတယ်။

ဒုတိယတင်ပြလိုတဲ့အချက်က ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီမေးခွန်းတစ်ခု မေးမြန်းလာတာရှိပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့နိုင်ငံအတွက်အရေးကြီးပြီးတော့ နိုင်ငံသားများ၊ ပြောမယ်ဆိုရင် ကမ္ဘာသူကမ္ဘာသားများပါ စိတ်ဝင်စားတဲ့အကြောင်းအရာပေါ်မူတည်ပြီးတော့ မေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဖြေကြားရမှာတော့ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးတဲ့လူကဖြေကြားရမှာဖြစ်သော်လည်း ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးတော့ တီဗွီ၊ ရေဒီယိုများနဲ့သတင်းစာများမှာပါပြီးဖြစ်ပါတယ်။ သို့ရာတွင် မီဒီယာအချို့ရဲ့ပြောဆိုရေးသားမှုကြောင့် အဓိပ္ပာယ်လွဲမှားကောက်ယူပြီး မြန်မာပြည်သူများအတွက် စိုးရိမ်စိတ်လွန်ကဲခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်းများဖြစ်စေနိုင်တဲ့အတွက် ဦးလွန်းသီမေးတဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ပဲ ဒီမှာရှင်းလင်းတင်ပြသွားပါမယ်။ ဦးလွန်းသီမေးတဲ့မေးခွန်းကတော့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီဖြစ်ပါတယ်။ ကျွန်တော်ပြည်သူ့လွှတ်တော်သို့ မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံနှင့်ဘင်္ဂလာဒေ့ရှ်နိုင်ငံတို့၏ ပင်လယ်ပြင်နှစ်နိုင်ငံနယ်နိမိတ်နှင့်ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ ၁၉၇၀ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံနှင့်အရှေ့ပါကစ္စတန်နိုင်ငံတို့ဖြစ်ပွားခဲ့သော စစ်ပွဲအပြီးတွင် ပေါ်ပေါက်လာခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့ ပင်လယ်ပြင်နယ်နိမိတ်ကို ညှိနှိုင်းဆွေးနွေးခဲ့ကြရာ သဘောတူညီမှုမရရှိခဲ့ကြပါ။ မြန်မာနိုင်ငံဘက်က နှစ်နိုင်ငံကုန်းမြေကနေ တူညီတဲ့အကွာအဝေးတိုင်း Law of Equal-Distance မှုကိုအသုံးပြု၍ True Medium Line အတိုင်း နယ်နိမိတ်ကိုတောင်းဆိုခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက၎င်းတို့အတွက် ပင်လယ်ပြင်ထွက်ပေါက်အခက်အခဲရှိကြောင်းဖော်ပြကာ မိတ်ဆွေအဖြစ်ငဲ့ညှာ၍ Friendship Line ကို သတ်မှတ်အသုံးပြုခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်မှ သဘောတူညီခြင်းမရှိခဲ့၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် နှစ်နိုင်ငံနယ်နိမိတ် သတ်မှတ်ခြင်းမပြုနိုင်ဘဲရပ်တန့်နေခဲ့ပါတယ်။ ၁၉၇၄-၁၉၇၅ ခုနှစ်များတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်၌ အမေရိကန်၊ ပြင်သစ်နှင့်ဂျပန်နိုင်ငံရေနံကုမ္ပဏီများက ရခိုင်ကမ်းလွန်တွင် ၈ ကြိမ်တိုင်တိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်းများတူးဖော်ခဲ့ရာ Hydro Carbon များကို တွေ့ရှိခြင်းမရှိခဲ့ပါ။ အောင်မြင်မှုမရှိခဲ့ပါ။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ၂၀၀၀ ပြည့်နှစ်တွင် စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် Production Sharing Contrect (PSC) စာချုပ်ချုပ်ဆို၍ ဖက်စပ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး

အစမ်းတွင်းများ ကြိုးပမ်းတူးဖော်ခဲ့ရာ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် သဘာဝဓာတ်ငွေ့သိုက်ကို စီးပွားဖြစ်တွေ့ရှိခဲ့ပါတယ်။ ထိုအချိန်ကျမှ တစ်ဖက်နိုင်ငံက နိုင်ငံရဲ့လူမှုရေး၊ စီးပွားရေးအခြေအနေ စတဲ့ အခြားအခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားဆုံးဖြတ်တဲ့ သာတူညီမျှမှု အင်္ဂလိပ်လို Law of Equality မူအတိုင်း နယ်နိမိတ်တိုးချဲ့ တောင်းဆိုခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ပင်လယ်သမုဒ္ဒရာဥပဒေဆိုင်ရာတရားရုံး International Tribunal for Law of the Sea(ITLOS)က နှစ်ဖက်လျှောက်လဲချက်များကိုကြားနာပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်လို့ မြန်မာနိုင်ငံကရှာဖွေတွေ့ရှိထားတဲ့ A1, A3 သဘာဝဓာတ်ငွေ့သိုက် များနှင့် လွတ်ကင်းခြင်းရှိ၊မရှိနဲ့ နယ်နိမိတ်ဆုံးဖြတ်ချက်အခြေအနေတို့ကို မြန်မာပြည်သူပြည်သား များသို့ ဤလွှတ်တော်မှတစ်ဆင့် ဖြေကြားပေးနိုင်ပါရန် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျားဆိုပြီးတော့ ဒီမေးခွန်း ကျွန်တော့်ဆီတင်ပြလာပါတယ်။ လုပ်ထုံးလုပ်နည်းများအရ ဒီမေးခွန်းကို ပြည်ထောင်စု အစိုးရအဖွဲ့ကိုပေးပို့ထားပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖြေကြားခြင်းမရှိနိုင်မီ ကျွန်တော့် အနေနဲ့ ပြီးခဲ့တဲ့ရက်က ထုတ်ပြန်ထားတဲ့သတင်းပေါ် မူတည်ပြီးတော့ အခြေနေလေးကို လွှတ်တော်မှာ ပြန်တင်ပြပါ့မယ်။ ၁၅ ရက်နေ့မနက်မှာ အင်တာနက်နဲ့ အခြားသတင်းဌာနတွေက မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အတွင်း အငြင်းပွားမှု၌ ဘင်္ဂလားဒေ့ရှ်အား ကုလသမဂ္ဂပင်လယ်ပြင်ဆိုင်ရာ နိုင်ငံတကာတရားရုံးက အနိုင်ပေးလိုက်ကြောင်းသိရဆိုပြီးတော့ International News မှာ ပါပါ တယ်။ အင်တာနက်တွေထဲမှာ ဒီလိုပါပါတယ်။ သဘောကတော့ ဘင်္ဂလားဒေ့ရှ် အနိုင်ပေးလိုက်တယ်။ ဒီအကြောင်းကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ကိုယ်စားလှယ်များဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီးက ထုတ်ပြန်ကြေညာသွားတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနိုင်သွားတယ်၊ မြန်မာရှုံးသွားတယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဒီထဲမှာလည်းပိုပြီးတော့ ယုံကြည်လောက်အောင် ITLOS အဖွဲ့က ထောက်ခံမဲ ၂၁ မဲ၊ ကန့်ကွက်မဲ ၁ မဲ ဗုဒ္ဓဟူးနေ့က ဆုံးဖြတ်လိုက်တဲ့တရားရုံးရဲ့ စီရင်ချက်ကတော့ အယူခံပြန်လျှောက်ခွင့် မရှိဘူးလို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒီဘူမိုနီက ဆုံးဖြတ်ချက်ချမှတ်အပြီးမှာ ပြောပါတယ်။ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်တွေရှိနိုင်တယ်လို့ ယုံကြည်နေကြတဲ့ ရေပိုင်နက်ပြဿနာကြောင့် လွန်ခဲ့တဲ့နှစ်တွေအတွင်း နှစ်နိုင်ငံအကြား တင်းမာမှုတွေလည်းရှိခဲ့ပါတယ်။ နိုင်ငံတကာပင်လယ်ပြင် ဥပဒေအရ ကမ်းလွန်ရေမိုင် ၁၂ မိုင်အထိဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ရေပိုင်နက်ဖြစ်ပြီး ကမ်းလွန်မိုင် ၂၀၀ ဆိုရင်တော့ သီးသန့်စီးပွားရေးဇုန်အဖြစ် သတ်မှတ်လေ့ရှိပေမယ့် အခုအငြင်းပွားနေတဲ့ ရေပိုင်နက်ဟာ ကပ်လျက်ရှိနေတဲ့ မြန်မာ၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် ၃ နိုင်ငံအကြားတည်ရှိနေတာမို့ အခြေအတင် ဖြစ်စရာတွေလည်းကြုံခဲ့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတို့အကြား အငြင်းပွားနေတဲ့အမှု

ကိုတော့ ကုလသမဂ္ဂတရားခွင်က ၂၀၁၄ ခုနှစ်မှာ ဆုံးဖြတ်ချက်ချပေးမယ်လို့လည်း မျှော်လင့်ပါတယ် ဆိုပြီးတော့ ဒီလိုရေးသားဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မနေ့ည ရုပ်မြင်သံကြားအစီအစဉ်မှာ မြေပုံနဲ့တကွဖော်ပြပြီးတော့ ရှင်းလင်းခဲ့ပါတယ်။ အဲဒီ့နည်းတူပဲ သတင်းတွေမှာလည်း ပင်လယ်ပြင်ဥပဒေဆိုင်ရာနိုင်ငံတကာခုံရုံး (ITLOS) က တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပင်လယ်နယ်နိမိတ် အငြင်းပွားမှုအား ငြိမ်းချမ်းစွာဖြေရှင်း ပြီးစီး၊ မြန်မာ့ကမ်းလွန်ရေနံလုပ်ကွက်များထိခိုက်မှုမရှိဘဲ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက် နိုင်ပြီး စီရင်ချက်အရပေါ်ထွက်လာသည့်ရလဒ်ကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံးက ကျေနပ် လက်ခံ သတင်းခေါင်းကြီးနဲ့ ဒီလိုဖော်ပြပါတယ်။ သတင်းရဲ့တစ်နေရာမှာလည်း ပင်လယ်ပြင်ဥပဒေ ဆိုင်ရာနိုင်ငံတကာခုံရုံးသည် ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာ Convention အရ ပေါ်ပေါက်လာသည့် အဖွဲ့အစည်းများအနက် တစ်ခုဖြစ်ပြီး ခုံရုံး၏ဆုံးဖြတ်ချက်သည် ဥပဒေအရ စည်းနှောင်မှုရှိကြောင်း ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးတရားသူကြီးများက အပြည်ပြည် ဆိုင်ရာ ပင်လယ်ပြင်ဥပဒေများနှင့်အညီ ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် တရားမျှတစွာဆုံးဖြတ်ခဲ့မှု အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများက လေးစားချီးကျူးဂုဏ်ပြု လျက်ရှိကြောင်း ယခုစီရင်ချက်အရ ပေါ်ထွက်လာသည့်ရလဒ်ကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလုံးကကျေနပ်လက်ခံကြကြောင်းဆိုပြီးတော့ သတင်းမှာလည်း ဒီလိုဖော်ပြခဲ့တာရှိပါတယ်။ အဲဒီ့တော့ အခြားသတင်းတွေနေရာမှာ ဘင်္ဂလားဒေ့ရှ်ကနိုင်သွားတယ်။ ၂၁ မဲ၊ ၁ မဲနဲ့ အနိုင်ရသွားတယ်။ မြန်မာ သတင်းက ဒီလိုဖော်ပြထားတယ်။ ဟုတ်မှဟုတ်ပါ့မလားဆိုပြီးတော့ ယုံမှားသံသယတွေရှိပြီးတော့ တီးတိုးကနေပြီးတော့ ပုံကြီးချဲ့ပြောဆိုလာမယ်ဆိုလို့ရှိရင် ပြောဆိုမှုတွေဟာ မမှန်ဘူးဆိုတာသိအောင် ကျွန်တော်ဒီမှာ ရှင်းလင်းပြခြင်းဖြစ်ပါတယ်။ ဒီကိစ္စတွေစပြီးတော့ ဖြစ်ပေါ်တဲ့အချိန်မှာ ကျွန်တော် နယကအဖွဲ့ဝင်တစ်ယောက်အနေနဲ့ ဒီကိစ္စကိုအဓိကထားပြီးတော့ ကိုင်တွယ်ခဲ့ပါတယ်။ အတိုချုပ် ပြောမယ်ဆိုလို့ရှိရင် ဒီလိုအငြင်းပွားတဲ့နေရာမှာ သူတို့နိုင်ငံကစပြီးတော့ ခုန Friendship Line ဆိုတာထက် ပိုဆိုးဝါးသောတောင်းဆိုမှုများရှိကြောင်းလည်း အဲ့ဒီတုန်းကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များသိမှာ ဖြစ်ပါတယ်။ ဘယ်လောက်ထိ ပြောလာလဲဆိုတဲ့အခါမှာ သူတို့က ၁၈၅ ဒီဂရီ သူ့ရဲ့သတ်မှတ်တဲ့ပွိုင့် ကနေ ၁၈၅ ဒီဂရီ၊ ၁၈၅ ဆိုတဲ့အတွက် မြောက်ဘက်က ၃၆၀၊ တောင်ဘက်က ၁၈၀ နည်းနည်းလေးပဲ အနောက်ဘက်ကိုနည်းတာ ၁၈၅ ဒီဂရီတောင်းတယ်။ တောင်းတဲ့အတွက် သတင်းစာထဲမှာလည်းပါ ပါတယ်။ တောင်းတဲ့အတွက် ကျွန်တော်တို့ ရေနံလုပ်ကွက်ရိုက်ထားတာတွေအားလုံးပါပါတယ်။ အထူးသဖြင့် ထင်ရှားအောင်ပြောမယ်ဆိုရင် A1, A3 ဆိုတဲ့အကွက်တွေပါ။ ရခိုင်၊ အာရကန် A1, A3

ဆိုတဲ့အကွက်တွေပါတဲ့အတွက် အဲ့ဒီအကွက်တွေမှာလည်း ရေနံတွေ၊ ဓာတ်ငွေ့တွေရှာဖွေရရှိပြီးဖြစ်တယ်။ ဒီအထိတောင်းပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံအကြီးအကဲကလည်း ဒါနဲ့ပတ်သက်လို့ လုံးဝ မပေးဘူး၊ လုံးဝအဖြစ်မခံဘူး။ ကိုယ်ရသင့်တာကို ရအောင်လုပ်ပါဆိုပြီးတော့ ဒီအမိန့်တစ်ခုပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်တဲ့ကဏ္ဍနယ်ပယ်အသီးသီးက တာဝန်ရှိသူများနဲ့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အဓိကကတော့ နှစ်နိုင်ငံနယ်နိမိတ်ဖြစ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနပါရပါတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ခုနက ရေနံသဘာဝဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့ စွမ်းအင်ဝန်ကြီးဌာနပါရပါတယ်။ ပြီးတဲ့အခါမှာ ဒီအဖွဲ့တွေကို အထောက်အကူပြုဖို့ ကျွမ်းကျင်သူများ၊ ဘူမိဗေဒပညာရှင်များ၊ သိပ္ပံနည်းပညာရှင်များ၊ ဒါ့အပြင် တိုင်းတာရေးနဲ့ပတ်သက်ပြီးတော့ အဓိကသိကျွမ်းနားလည်တဲ့ တပ်မတော်(ရေ)က အရာရှိကြီးနှစ်ဦး၊ တစ်ဦးက ဗိုလ်မှူးချုပ်၊ တစ်ဦးက ဗိုလ်မှူးကြီးသူတို့ပါပါတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ အကြံပေးအဖွဲ့တွေဖွဲ့ပါတယ်။ ဖွဲ့ပြီးတဲ့အခါမှာ အဲ့ဒီမှာ ရှေ့နေရှေ့ရပ်တွေလည်း အများစုပါပါတယ်။ စပြီးကိုင်တွယ်တဲ့အခါမှာလည်း မိမိဘက်က ငွေကုန်ရင်ကုန်၊ နိုင်ငံရဲ့မြေကိုတော့ တစ်လက်မမှမပေးရဘူး ဆိုတဲ့အယူအဆနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ တကယ်လည်း ငွေကုန်ကျခံလုပ်ခဲ့ပါတယ်။ အဲ့ဒီတော့ မြေပုံရှိရင်တော့မြေပုံမှာ ရှိပါလိမ့်မယ်။ အဲဒီက နေပြီးတော့ တဖြည်းဖြည်းသူတို့တောင်းဆိုတယ်၊ ကိုယ်တောင်းဆိုတယ်။ အဲ့ဒီတော့ ကိုယ်ကလည်း သူတောင်ဒီလို တောင်းသေးတယ်ဆိုပြီးတဲ့အခါမှာ ကိုယ့်ဘက်ကလည်း ဒီထက်ပိုပြီးတော့ တောင်းပစ်လိုက်တယ်။ သူက ၁၈၅ ဒီဂရီတောင်းတဲ့အတွက် ကျွန်တော်တို့ကလည်း ဟိုဘက်ကို ၂၇၀ နဲ့ ၃၆၀ ကြားဒီလိုတောင်းတယ်။ တောင်းရင်းတောင်းရင်းနဲ့ နောက်ဆုံးကျတဲ့အခါကျတော့ ညတုန်းက တီဗွီမှာ ကြည့်မယ်ဆိုရင် အစိမ်းလိုင်းရှိတယ်၊ အပြာလိုင်းရှိတယ်၊ အနီလိုင်းရှိတယ်။ အဲ့ဒီမှာ ပုံကြည့်မယ်ဆိုရင် ကျွန်တော်တို့ ရခိုင်ကမ်းခြေရဲ့အနီးပိုင်းပေါ့လေ။ ကုန်းမြေနဲ့အနီးပိုင်းက ကျွန်တော်တို့ပိုရလိုက်တယ်။ အဲ့ဒီကနေပြီးတော့ သူသတ်မှတ်ထားတဲ့ မျဉ်းကြောင်းအတိုင်းထွက်တယ်။ ထွက်တဲ့အခါကျတော့ Equal Distance ထဲက ဘင်္ဂလားဒေ့ရှ်က သူ့ဘက်ကဘာပဲတောင်းစရာရှိလဲဆိုတဲ့အခါမှာ ပင်လယ်ဘက်ထွက်တဲ့အခါမှာ ပိတ်ဆို့သွားမှာဖြစ်တဲ့အတွက် သူ့ဘက်က ဒါကို တောင်းခံတယ်။ တောင်းခံလာတဲ့အခါမှာ ဒီပေါ်မူတည်ပြီးတော့ ဆုံးဖြတ်တဲ့အခါကျတော့ သူပြောတဲ့ လိုင်းကြားနဲ့ လွယ်လွယ်ပြောရရင် ကျွန်တော်တို့ပြောတဲ့ လိုင်းကြားကနေပြီးတော့ နည်းပညာအရ ဆောင်ရွက်ပြီးတဲ့ အခါမှာ နည်းပညာပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာ ITLOS က ခုံသမာဓိများက ဒီလိုဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ သူနိုင်တယ်လို့ ဒီလိုပဲကြေညာပါတယ်။ အဲ့ဒီကြေညာချက်အရဆိုရင်လည်း ဟုတ်သရောင်ရှိပါတယ်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ဘက်က

ကိုယ့်နယ်မြေမဆုံးအောင် ပိုပြီးတော့ သူပြောသလို ကိုယ်ပိုပြောထားတာရှိပါတယ်။ အဲ့ဒါကြောင့် ဒီမြေပုံမှာကြည့်မယ်ဆိုရင် ခုနက ကျွန်တော်တို့စိုးရိမ်ခဲ့တဲ့ ကျွန်တော်တို့ ရသင့်တယ်ဆိုတာရှိသလို သူရသင့်တယ်ဆိုတာရှိတာကို နိုင်ငံတကာခုံသမာဓိများက ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနေ့ ကျွန်တော်တို့ ရိုက်ထားတဲ့ရေနံကွက်တွေရှိပါတယ်။ ခုနက A.1,A.3 ပြီးတဲ့အခါမှာ AD.1,AD.7 စသည့်ဖြင့် အဲ့ဒါတွေလုံးဝပါရှိခြင်း မရှိပါဘူး။ ကျွန်တော်တို့ ၁၄ ရက်နေ့မှာဆုံးဖြတ်တယ်။ ၁၅ ရက်နေ့မနက်ပိုင်း တချို့အင်တာနက်ကရတယ်။ အင်တာနက်ကရတဲ့ အပေါ်မူတည်ပြီးတော့ ဒီလိုပဲ မြန်မာကတော့ ရှုံးသွားပြီ။ ဒီလိုပြောတယ်။ ကျွန်တော့်ဆီကိုလည်း ဒီလိုလာသတင်းပို့တယ်။ ပို့တဲ့အခါကျတော့ ဒီလိုပြောလို့မရဘူး။ မြေပုံကြည့်ပြောမှပဲရမယ်ဆိုတော့ ကျွန်တော့်ဆီလာသတင်းပို့တဲ့ ကလေးတွေကို ဒီလိုပဲပြော လိုက်ပါတယ်။ အင်တာနက်ကရထားတဲ့ ဆရာကြီးတွေကိုလည်း ကျွန်တော်နဲ့တွေ့ဖို့ချိန်းပေမယ့်လို့ အချိန်မလောက်တဲ့အတွက် မရပါဘူး။ ဒါပေမယ့်လို့ ညကျတဲ့အခါကျတော့ သဲသဲကွဲကွဲပုံနဲ့ပေါ်လာတဲ့အတွက် မြေပုံမှာပြန်ကြည့်မယ်ဆိုလို့ရှိရင်တော့ ညကဆိုရင်တော့ အစိမ်းရောင်၊ အပြာရောင်၊ အနီရောင်၊ အနီရောင်လိုင်းသည် ဒီဘက်က မြန်မာနိုင်ငံရတယ်။ အနီရောင်လိုင်းရဲ့ဟိုဘက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရပါတယ်။ ဒါကြောင့်မို့လို့ ဦးလွန်းသီကလည်း ဆုံးဖြတ်ချက်ပေါ်မူတည်ပြီးတော့ မြန်မာပြည်သူများ စိတ်ပူနေတဲ့သူများရှိသလို တချို့ကျတဲ့အခါကျတော့ ဒီပေါ်မူတည်ပြီးတော့ သက်သက်သွေးထိုးပေးလို့ရှိရင် တစ်မျိုးတစ်မည် မဖြစ်ရအောင်ဆိုတဲ့ စေတနာကောင်းနဲ့ မေးခွန်းမေးထားခြင်းဖြစ်ပါတယ်။ သို့ရာတွင် ဒီမေးခွန်းကတော့ ခုနက သက်ဆိုင်ရာကလာရောက်မဖြေခင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း သဘောပေါက်အောင်၊ သိအောင်၊ ပြီးတဲ့အခါမှာ ကျွန်တော့်အနေနဲ့လည်း ဒီလိုရှင်းပြတဲ့နေရာမှာ အခုအကြောင်းလည်းသိသလို ရှေ့အကြောင်းလည်းသိတဲ့အတွက် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ပြောမယ်ဆိုလို့ရှိရင်တော့ ခေတ်အဆက်ဆက်က တာဝန်ယူခဲ့ကြတဲ့ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များလည်း မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာအတွက်သော်လည်းကောင်း၊ မိမိတို့နိုင်ငံရဲ့ပိုင်နက်အတွက်သော်လည်းကောင်း ဆုံးရှုံးမှုမရှိရအောင် အမြဲတမ်းကြိုးစားဆောင်ရွက်နေတယ်ဆိုတာကိုလည်း လွှတ်တော်ကိုအသိပေးတင်ပြလိုပါတယ်။ မိမိတို့လက်ထက်မှာလည်း မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ မိမိတို့ရဲ့ပိုင်နက်များအား မဆုံးရှုံးရအောင် ဆက်လက်ဆောင်ရွက်သွားဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်ဆိုတာကိုလည်းတင်ပြခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မနေ့က ပြည်ထောင်စုလွှတ်တော်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ကွန်ဟိန်းမဲဆန္ဒနယ်က ဒေါ်နန်းဝါနုတင်ပြချက်ကို ဒီနေ့

ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အဆုံးအဖြတ်ပေးလိုက်တာက ပြည်ထောင်စုလွှတ်တော် အတွက်ကော၊ အစိုးရအတွက်ကော အင်မတန်မှကောင်းသွားတဲ့ကိစ္စဖြစ်ပါတယ်။ လွှတ်တော်ဆိုတာ၊ အစိုးရဆိုတာ ဥပဒေအရပြဋ္ဌာန်းထားတာကို လိုက်နာဆောင်ရွက်ကြရမယ့်သူတွေဖြစ်ပါတယ်။ ဥပဒေ အရ လိုက်နာဆောင်ရွက်တာမဟုတ်ဘဲနဲ့ သိလျက်နဲ့ခွင့်ပြု၊ ခွင့်ပြု။ မသိဘဲခွင့်ပြု၊ခွင့်ပြု။ အဲ့ဒီတော့ အထူးသဖြင့်တော့ ဥပဒေပြုနေကြတဲ့ ဥပဒေပြုသူများအနေနဲ့ ဥပဒေနှင့်အညီဖြစ်ဖို့၊ အသိပေးဖို့၊ အကူအညီပေးဖို့တာဝန်တစ်ခုဖြစ်ပါတယ်။ အဲ့ဒီတော့ ဒေါ်နန်းဝါနု မနေ့ကတင်ပြချက်ဟာ အစိုးရကို အကူအညီပေးခြင်းဖြစ်တယ်၊ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကိုဆောင်ရွက်ပေးခြင်းဖြစ်တယ်လို့ ကျွန်တော် တို့ ဒီလိုပဲမှတ်ယူပါတယ်။ ဒီမတိုင်ခင်လည်း ကျွန်တော် ပြည်ထောင်စုလွှတ်တော်နာယကကြီးဆီ သဝဏ်လွှာပေးပို့ထားတာရှိပါတယ်။ ဒါဘာလဲဆိုတော့ အကြောင်းအရာသုံးခုအပေါ်မူတည်ပြီးတော့ အကြောင်းအရာသုံးခုကတော့ ကျွန်တော်မဖော်ပြပါဘူး။ ဒီကိစ္စပါပါတယ်။ အထက်ဖော်ပြပါ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက် ထားခြင်းရှိမရှိစိစစ်ပေးပါရန် ဥပဒေနှင့်အညီဆောင်ရွက်ထားခြင်းမရှိပါက ဥပဒေနှင့်အညီဖြစ်စေရေး အတွက် ပြည်ထောင်စုလွှတ်တော်က ကူညီဆောင်ရွက်ပေးစေလိုပါသည်။ နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးအဖွဲ့နှင့် နိုင်ငံတော်အစိုးရဥပဒေပြုအဖွဲ့ဖြစ်သော လွှတ်တော်များ၏ဆောင်ရွက်ချက်များ သည် တရားဥပဒေစိုးမိုးရေးကို အလေးထားဖော်ဆောင်နေကြောင်း ပေါ်လွင်နေရမည်ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် လွှတ်တော်တို့၏ဥပဒေနှင့်အညီ အစဉ်ပူးပေါင်းဆောင်ရွက်နေမှုများက နိုင်ငံနှင့် ပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြသာဓကယူဖွယ် စံနမူနာပြအဖြစ် ပြသနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါကိစ္စရပ်များ သုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့သည်ဆိုပြီးတော့ ဒီလိုပဲစိတ်ကောင်းစေတနာနှင့် မိမိတို့နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ မိမိတို့အစိုးရရဲ့ဂုဏ်သိက္ခာ၊ မိမိတို့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာမပျက်ယွင်းစေဖို့ ဒီနေ့ပြောပြောနေတဲ့ တရားဥပဒေစိုးမိုးရေးရှိဖို့အတွက် ဒီလိုပဲညှိနှိုင်းဆောင်ရွက်ထားကြောင်းလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ဒီမှာတင်ပြခြင်းဖြစ်ပါတယ်။ တစ်ခါဆက်လက်ပြီးတော့ ဒေါ်နန်းဝါနုလိုပဲ လွှတ်တော်ကိုယ်စားလှယ် များက ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ ပြည်ထောင်စုအစိုးရကတင်ပြလာတဲ့ စီမံကိန်းများအပေါ်ဝိုင်းဝန်း စိစစ်အကြံဉာဏ်ပေးမှုများဟာလည်း စိတ်ကောင်းစေတနာနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွက်ရော၊ အစိုးရအတွက်ရော၊ ကျွန်တော်တို့လွှတ်တော်အတွက်ရော၊ နိုင်ငံသူနိုင်ငံသားများ အတွက်ရော ဆောင်ရွက်တယ်လို့ပဲ ဒီလိုပဲမှတ်ယူရမှာဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ခုနကကျွန်တော်တင်ပြခဲ့တဲ့ ဝန်ထမ်းများရဲ့လစာစရိတ်တိုးမြှင့်ပေးခြင်း၊ ဝေးလံဒေသမှာတာဝန်

ထမ်းဆောင်နေကြတဲ့ဝန်ထမ်းများ တကယ်တမ်းကျတော့ တော်တော်ကို ကျေးဇူးတင်စရာလည်း ကောင်းပါတယ်။ အဲ့ဒီနေ့ကတင်ပြတာ။ တင်ပြသူက တိုင်းရင်းသားကိုယ်စားလှယ်။ ဘယ်သူ့အတွက် တင်ပြတာလဲ။ ဝန်ထမ်းများအတွက်တင်ပြတာ။ တင်ပြချက်ပေါ်မူတည်ပြီးတော့ ဆွေးနွေးလိုက်ကြတာ ဖာပွန်ကဆိုလို့ရှိရင် ပြောရင်းပြောရင်းနဲ့ တော်တော့ကိုဆို့ဆို့နစ်နစ် ဒီလိုအနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လည်း ဒီလိုတင်ပြပေးတာနဲ့ ချက်ချင်းပဲ နိုင်ငံတော်သမ္မတဆီသဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။ ပေးပို့တဲ့အပေါ်မူတည်ပြီးတော့ အခုလိုပဲကောင်းတဲ့ရလဒ်တွေဖြစ်ပါတယ်။ အဲ့ဒီ အတိုင်းပဲ မနေ့ကတော့ သာမန်ကြည့်မယ်ဆို ဖြတ်တောက်တယ်ပေါ့။ ရွှေ့ဆိုင်းတယ်။ ဘာဖြစ်လို့ ဖြတ်တောက်လဲ၊ ဘာဖြစ်လို့ရွှေ့ဆိုင်းလဲဆိုတာ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက် ခြင်းဖြစ်တယ်ဆိုတဲ့ဟာကို နားလည်လက်ခံလိုက်မယ်ဆိုရင် အားလုံးအတွက်အဆင်ပြေတယ်။ အဲ့လိုမှ မဟုတ်ဘဲနဲ့ သက်သက်မယ့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားသို့မဟုတ်လို့ရှိရင် ခုနက ပိုမိုလုပ်ကိုင်တယ် လို့ယူဆမယ်ဆိုရင်တော့ တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်တွေလွဲစရာရှိပါတယ်။ ဒါပေမယ့်လို့ နောက်ပိုင်းတော့လည်း အထင်အမြင်တွေမလွဲတော့ဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ လူကြီးတစ်ဦးဆုံးမ သွားတာရှိပါတယ်။ ခြောက်တိုင်းလည်း မကြောက်နဲ့၊ မြှောက်တိုင်းလည်းမမြှောက်နဲ့၊ ချော့တိုင်းလည်း မပျော့နဲ့။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များကို အမြဲတမ်းတင်ပြတိုက်တွန်းတာက အတိတ်ကသင်ခန်းစာတွေကိုယူ၊ အတိတ်ကိုလည်း အပြစ်မပြောနဲ့ ရှေ့သွားတဲ့ခရီးမှာ ဒီသင်ခန်းစာ တွေကိုယူပြီးတော့ ရဲရဲဝံ့ဝံ့သတ္တိရှိရှိလုပ်သွားဖို့ဆိုတာ ကျွန်တော် ဒီလိုတိုက်တွန်းပါတယ်။ ဒါ့ကြောင့် မို့လို့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စေတနာမှန်ထားပြီးတဲ့အခါမှာ လုပ်နည်းလုပ်ဟန် အမှန်များနဲ့ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားခြင်းဟာ အားလုံးအတွက်ကောင်းမွန်တဲ့ရလဒ် တွေဖြစ်တယ်ဆိုတာလည်း ကျွန်တော်တင်ပြပါတယ်။ ဒါပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီနေ့ ပြည်သူ့ လွှတ်တော်အစည်းအဝေး ၁ နာရီမှာရှိတယ်လို့ပြောတဲ့အခါမှာ လက်ခုပ်သံတွေအများကြီးထွက်လာ တယ်။ ထွက်လာတဲ့အခါကျတော့ ဒီမှာ ကျွန်တော့်အဖွဲ့တွေနဲ့ ကျွန်တော်အဖွဲ့တွေနဲ့ဆိုတာ လွှတ်တော် ကိုယ်စားလှယ်များ ပြန်တွေ့တဲ့အခါကျတော့ လက်ခုပ်တွေတီးတယ်။ ကျေနပ်လို့လား၊ မကျေနပ်လို့ လားလို့ပြောတဲ့အခါမှာ အမျိုးသားလွှတ်တော်က အဖွဲ့တွေကလက်ခုပ်တီးတာ ဘာ့ကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ရက်က အမျိုးသားလွှတ်တော်အစည်းအဝေးရှိတယ်လို့ပြောတဲ့အခါမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက လက်ခုပ်တီးခဲ့တယ်။ ဒါကြောင့်မို့လို့ သူတို့တွေက လက်ခုပ်တီးတာဆိုတော့ ကျွန်တော် သဘောပေါက်သွားပါတယ်။ ဒီနေ့ကလည်း သောကြာနေ့ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ မနက် ၉း၀၀ နာရီမှာအစည်းအဝေးလုပ်တဲ့အခါမှာ ဒီအစည်းအဝေးက ဒီအတိုင်းဆိုလို့ရှိရင်တော့

အချိန်ကြာမယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကတော့ ထားလိုက်တော့ဗျာဆိုပြီးတော့ ဒီလိုပြောတယ်။ ဒီလိုပြောတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကနေထပြီးတော့ ဒီနေ့လုပ်ပေးပါ၊ ပြီးအောင် လုပ်ပေးပါလို့ပြောတယ်။ ဘာ့ကြောင့်လဲဆိုတဲ့အခါမှာ မနေ့က လွှတ်တော်မှာလည်း ဆွေးနွေးသွားတာ ရှိပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆောင်ရွက်ရန်ဆိုလို့ရှိရင် ချက်ချင်းလက်ငင်းအကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်သင့်တယ်ဆိုတာ မနေ့ကလည်း ကျွန်တော် ဆွေးနွေးသွားတာရှိပါတယ်။ အခု ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ အခုတစ်နှစ်ပြီးသွားပြီ။ နောက်ထပ်သုံးနှစ်ခွဲ၊ လေးနှစ်လောက် ပဲကျန်တော့တယ်။ အဲ့ဒီအချိန်မှာ ကောင်းကျိုးရလဒ်ဖြစ်ထွန်းနိုင်တဲ့ကိစ္စတစ်ခု လုပ်ပေးဖို့လိုတယ်။ လုပ်ပေးနိုင်ဖို့ဆိုရင် ဘာလဲဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြီးတဲ့အခါမှာ SEZ လိုဟာမျိုးများ မြန်မြန်ထက်ထက်ဆောင်ရွက်မှ အဲ့လိုဆောင်ရွက်နိုင်ဖို့ဆိုရင် ဒီဥပဒေဟာလိုတယ်။ ဒါကြောင့်မို့လို့ ပြီးအောင်လုပ်ပေးပါခင်ဗျားလို့ ဒီလိုပြောတယ်။ ဒီလိုပြောတာနဲ့ ကျွန်တော်တို့အဖွဲ့နဲ့ ညှိနှိုင်းပြီးတဲ့ အခါမှာ ဒီလွှတ်တော်မှာဆောင်ရွက်တဲ့အခါမှာ မြန်မြန်ဖြစ်သွားအောင်ဆိုပြီးတော့ အဲ့ဒီလိုဆောင်ရွက် ပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာ တစ်ဖက်ကလည်းဝန်ကြီးက ဒီအစည်းအဝေးကျလို့ရှိရင် ကျွန်တော်မတက်ပါရစေနဲ့။ ကျွန်တော်တို့ မနေ့ကနေပြီးတော့ ဆုံးဖြတ်လိုက်တဲ့စီမံကိန်းတွေကို အသစ် ပြန်ရေးဆွဲရမယ်။ အမှန်ကတော့ မနေ့က ညှိနှိုင်းဆောင်ရွက်လိုက်တဲ့ဖြတ်တောက်တာတွေ၊ ရွှေ့ဆိုင်း တာတွေကို စီမံကိန်းအသစ်ပြန်ရေးဆွဲရမယ်။ ရေးဆွဲတာပေါ်မူတည်ပြီးတော့ ဘတ်ဂျက်လည်းပြန် ရေးဆွဲရမယ်။ ဒီနေ့လည်း ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီမံကိန်းရေးဆွဲပေးတဲ့အခါမှာ ဘတ်ဂျက် တွေကိုပြန်ရေးဆွဲဖို့အတွက် ချက်ချင်းအားချင်းသူတို့လုပ်နေရပါတယ်။ သူတို့ဘက်က။ ဒါကြောင့်မို့လို့ ဝန်ကြီးကသူတော့မတက်ပါရစေနဲ့။ ဒုတိယဝန်ကြီးလည်းမရှိဘူး။ ဒါကြောင့်မို့လို့ ညွှန်ကြားရေးမှူးချုပ် ပဲတက်ပါရစေဆိုတဲ့အခါမှာ ကျွန်တော်က ကဲအဲလိုဆိုရင်တော့ တစ်ယောက်ယောက်ငှားပါ။ ဒုတိယ ဝန်ကြီးတစ်ယောက်ငှားပါ။ ငှားပြီးတဲ့အခါမှာ ဒီမှာတက်ခိုင်းပါ။ ဘာ့ကြောင့်လဲဆိုရင် ဥပဒေပြုနေ တယ်။ ပြည်ထောင်စုအဆင့်တက်မှုဖြစ်မယ်ဆိုတဲ့အခါ နောက်ဆုံးကျတဲ့အခါမှာကျတော့ ကော်မရှင်က ဒီရင်းနှီးမြှုပ်နှံမှုကော်မရှင်ကအဖွဲ့ဝင်လည်းဖြစ်တဲ့ဦးသောင်းလွင်ဒီမှာလာတက်ပါတယ်။ နောက်တစ်ခါ နောက်တစ်ယောက်က တစ်ခါလာပြန်တယ်။ ဘာလဲဆိုရင် ကျွန်တော်တို့က အလုပ်သမားအငြင်းပွား မှုဥပဒေ ဒါလည်း တော်တော်အရေးကြီးတယ်။ ဝန်ကြီးကသွားပြီ။ အစည်းအဝေးသွားနေပြီ။ ဒီဥပဒေကို ကျွန်တော်တို့ပြုစုမယ်။ အဲ့ဒါပြီးမှ ကျွန်တော်တို့နိုင်ငံအတွက် အရင်လုပ်ထားတဲ့ Senction တွေက လွှတ်မယ့်ကိစ္စတစ်ခုရှိတယ်။ အဲ့ဒီကိစ္စကလည်းဒီနေ့အစည်းအဝေးမှာရှိတယ်။ ကျွန်တော်တို့ကျတော့ လည်း ကိုယ့်နိုင်ငံအတွက် အကျိုးရှိမယ့်ဥပဒေတွေကို မြန်မြန်ပြုပေးချင်တယ်။ အဲ့ဒီတော့ အပင်ပန်း

ခံပြီးလုပ်မယ်ပြီးတော့ လုပ်တဲ့နေရာမှာ ခုနက ဒုတိယဝန်ကြီးကသူလာတယ်။ သူ့ဝန်ကြီးလည်း မရှိဘူး။ ဒီနေ့ Cabinet မှာ ဘတ်ဂျက်လည်းဆွဲရမယ်။ သူသွားပါရစေ။ အဲ့လိုဆိုလို့ရှိရင်တော့ လူတစ်ယောက်ရှာဆိုတော့ သူခေါင်းကုတ်သွားတယ်။ နောက်ဆုံးတော့ အကြံပဲပေးလိုက်တယ်။ အဲ့ဒီတော့ ဦးသောင်းလွင်ပဲအပ်ခဲ့လိုက်။ ဦးသောင်းလွင်ကလက်ခံတယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနနှစ်ခုကိုယ်စား ဒါပြီးသွားမယ်ဆိုပြီးတော့ ဒီလိုညှိလိုက်ပါတယ်။ ကျွန်တော်ပြောသွားတာ နည်းနည်းတော့များသွားပြီ။ များပေမယ့် ဇာတ်ရည်လည်အောင်ပြောမှလည်း ကျွန်တော်တို့ ဘာ့ကြောင့်လုပ်နေလဲဆိုတာလည်း သိအောင်နဲ့ နောက်ကျွန်တော်တို့ ဘာတွေဆက်လုပ်ဖို့လိုတယ်ဆိုတာလည်း သိအောင်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ၄ နာရီမကျော်အောင်ဆက်ပြီးတော့ အားလုံးကြိုးစားဆောင်ရွက်သွားပါမယ်။ အဲ့ဒီလိုဆောင်ရွက်သွားတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းဖို့လိုတယ်။ ကျွန်တော် ၄ နာရီပြီးအောင်လုပ်ဖို့ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ်အတိုင်း ကျွန်တော်ဆက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက်ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ဒါ့ကြောင့် ခွင့်ပန်ကြားတဲ့အခါမှာ အချိန်မကြာရအောင် တင်ပြထားတဲ့အတိုင်း ခွင့်ပြုပေးပါဆိုတာကို သက်ဆိုင်တဲ့တာဝန်ရှိသူက တင်ပြပေးပါ။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ၁၆-၃-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားတဲ့ကိုယ်စားလှယ် ၂၄ ဦးရှိပါတယ်။ ဒီတင်ပြတဲ့ကိုယ်စားလှယ် ၂၄ ဦးမှာ ကိုယ်စားလှယ် ၂၃ ဦးဟာ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊ ကသာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းဟာ ၁၆-၃-၂၀၁၂ မှ ၂၃-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၈ ရက်အဖြစ်လည်းကောင်းတင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါကိုယ်စားလှယ် ၂၄ ဦးရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်း၍ အတည်ပြုပြီးသော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က ၁၅-၃-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါ့မယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ယင်းဥပဒေကြမ်းကိုစိစစ်ပြီး ကော်မတီရဲ့ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၁၇-၃-၂၀၁၂ ရက်နေ့(စနေနေ့) ၁၂:၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ရေးဆွဲထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကိုမှီရေးပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ ဒီပေါ်မှာ မူတည်ပြီးတော့ အမျိုးသားလွှတ်တော်ဘက်က ဆွေးနွေးထားချက်များလည်းရှိပါတယ်။ အဲ့ဒီဆွေးနွေးထားချက်များဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အတွက်ထည့်သွင်းရန် သင့်တဲ့အချက်များလည်း ဖြစ်ပါတယ်။ ဒီအချက်များကိုလည်း ဥပဒေကြမ်းပူးပေါင်းကော်မတီအနေနဲ့ညှိနှိုင်းပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေထဲမှာထည့်သွင်းဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှစ်ခုဟာ ယှဉ်တွဲပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုတက်သွားတဲ့အခါမှာ တစ်ပုံစံတည်းဖြစ်ဖို့လိုပါတယ်။ အဲ့ဒီအတွက် အမျိုးသားလွှတ်တော်ကတင်ပြထားတာဖြစ်တဲ့အတွက် မလိုအပ်ဘဲနဲ့ သည်တွေ၊ ကတွေအပေါ်မူတည်ပြီးတော့ မလိုအပ်ဘဲနဲ့ဆွေးနွေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ အချိန်မရှိပါဘူး။ အချိန်မရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ကို တင်နိုင်မှာမဟုတ်ပါဘူး။ ရက်မရှိဘူး။ ဒါကြောင့်မို့လို့ ဒါကိုနားလည်သဘောပေါက်ပြီးတဲ့အခါမှာ ဆောင်ရွက်ရမယ့်ကိစ္စများကို ဆောင်ရွက်နိုင်ဖို့ ကြိုတင်အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

## သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး ပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ (Anti-Corruption Law)အား ပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီတိကျစွာလိုက်နာဆောင်ရွက်ရေး အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရေး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ၁၃-၃-၂၀၁၂ ရက်နေ့ကကျင်းပခဲ့တဲ့ (၁၃) ရက်မြောက်နေ့အစည်းအဝေးမှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးသိန်းညွန့်ရဲ့အဆိုကို သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ (Anti-Corruption Law)အား ပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီတိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရေးဟု ပြောင်းလဲပြင်ဆင်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအကြောင်းနှင့် ပတ်သက်ပြီး ကြိုတင်လည်းတင်ပြပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုကို ပြည်ထောင်စုလွှတ်တော်မှာတင်ပြဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောမတူသူမရှိတဲ့အတွက် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ (Anti- Corruption Law)အား ပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီတိကျစွာ လိုက်နာဆောင်ရွက်ရေး အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရေးအဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကိုစတင်ဆွေးနွေးပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှပြင်ဆင်ချက်များမရှိသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကိုအတည်ပြုခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုစတင်ဆောင်ရွက်ပါ့မယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများက ညွှန်ကြားရေးမှူးချုပ်များရှိတယ်ဆိုလို့ရှိရင်လည်း ပြည်ထောင်စုအဆင့်ရဲ့ဘေးမှာခေါ်ပြီးတော့ နေရာပေးထားလို့ရပါတယ်။ ခွင့်ပြုပါတယ်။ နောက်မှာရှိတယ်ဆိုလို့ရှိရင်လည်း ပြည်ထောင်စုအဆင့်ရဲ့ဘေးမှာ လာရောက်ပြီးတော့ ညွှန်ကြားရေးမှူးချုပ်များထိုင်လို့ရကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ စဆွေးနွေးမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်ဖြစ်ပါတယ်။ ဒီဟာမတင်ပြမီ မူလဥပဒေကြမ်းကို အကြမ်းဖျင်းတင်ပြပါ့မယ်။ ဒီဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်ပြထားတာဖြစ်ပါတယ်။ ဒီ ဥပဒေမူကြမ်းမှာ အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၁ ကနေပြီးတော့ အပိုဒ် ၃ ထိရှိပါတယ်။ အခန်း(၂)မှာ သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်းများ အပိုဒ် ၃ ကနေပြီးတော့ အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)ထိရှိပါတယ်။ အခန်း(၃) အခြေခံမူများ အပိုဒ် ၅ ကနေပြီးတော့ အပိုဒ် ၅ အပိုဒ်ခွဲ(ဌ)ထိရှိပါတယ်။ အခန်း(၄) ရင်းနှီးမြှုပ်နှံမှုပုံစံ၊ အပိုဒ် ၆၊ အ ပိုဒ် ၇ ရှိပါတယ်။ အခန်း(၅) ကော်မရှင်ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာ အပိုဒ် ၈ ရှိပါတယ်။ အခန်း (၆) ကော်မရှင်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်ပါတယ်။ အပိုဒ် ၁၂ ထိရှိပါတယ်။ အခန်း(၇) ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့်အခွင့်အရေးများ၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ရှိပါတယ်။ အခန်း(၈) ပဋိညာဉ်စာချုပ်၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ ရှိပါတယ်။ အခန်း(၉) အာမခံထားရှိခြင်း အပိုဒ် ၁၇၊ အခန်း(၁၀) အမှုထမ်းများနှင့် အလုပ်သမားများ

ခန့်ထားခြင်း အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ရှိပါတယ်။ အခန်း(၁၁) ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရှိပါတယ်။ အပိုဒ် ၂၁၊ အခန်း(၁၂) အာမခံချက်များ အပိုဒ် ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ဖြစ်ပါတယ်။ အခန်း(၁၄) နိုင်ငံခြားမတည်ရင်းနှီးငွေအရင်း အပိုဒ် ၃၁၊ ၃၂ ရှိပါတယ်။ အခန်း(၁၅)နိုင်ငံခြားငွေလွှဲပြောင်းခွင့် အပိုဒ် ၃၃၊ အခန်း(၁၆) နိုင်ငံခြားငွေကြေးကိစ္စ အပိုဒ် ၃၄၊ ၃၅၊ အခန်း (၁၇) စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ၊ အပိုဒ် ၃၆၊ အခန်း(၁၈) အငြင်းပွားမှုဖြေရှင်းခြင်း၊ အပိုဒ် ၃၇၊ အခန်း (၁၉) အထွေထွေအပိုဒ် ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇ ရှိပါတယ်။ အဲ့ဒီထဲကမှ ပြည်သူ့လွှတ်တော်က ကန့်လန့်ဖြတ်ဇယားများဖြင့် တင်ပြထားတာများရှိပါတယ်။ ကန့်လန့်ဖြတ်ဇယားအတိုင်းပဲကျွန်တော်တို့သွားပါ့မယ်။ ဥပဒေကြမ်းကော်မတီကအတည်ပြုထားပြီး ကျန်တဲ့ကော်မတီတွေ ကျန်တဲ့ပုဂ္ဂိုလ်တွေက သီးခြားဖော်ပြထားခြင်းမရှိတာများကိုလည်း တစ်ပါတည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားပါ့မယ်။ အမှတ်စဉ် ၁ ဥပဒေကြမ်းကော်မတီက အတည်ပြု ထားပါတယ်။ အမှတ်စဉ် ၂ ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။ အမှတ်စဉ် ၃ ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။ အမှတ်စဉ် ၄ ဥပဒေကြမ်းကော်မတီက အတည်ပြု ထားပါတယ်။ ဒီလိုအတည်ပြုတယ်ဆိုတဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကာယကံရှင် များ၊ ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်းပြီးတော့ အတည်ပြုထားခြင်းဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ၃ ကြိမ်မြောက်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အမှတ်စဉ် ၅ နှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုကို ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်ကတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယားရဲ့အမှတ်စဉ် ၅၊ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)ကို ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုကတော့ အဆိုပြုချက်ဆိုသည်မှာ ကမကထပြုသူကရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန်ကော်မရှင်သို့တင်သွင်းသော သတ်မှတ်သည့်လျှောက်လွှာနှင့် အတူ ပဋိညာဉ်စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများနှင့် ကုမ္ပဏီဆိုင်ရာ အထောက်အထားများကိုဆိုလိုသည်ဟု ပြင်ဆင်ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ ကိုယ်စားလှယ်များဆီမှာကတော့ အခုပြောတဲ့အတိုင်းမရှိသေးပါ ဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ရုံးက အခုပြင်ဆင်အဆိုပြုထားတဲ့အတိုင်း ပြန်ပြီးတော့မှ မှန်အောင် ပြန်ပြင်ပေးပြီးဆောင်ရွက်ပါ။ ကိုယ်စားလှယ်များအားလုံးဆီလည်း ထပ်မံဖြန့်ဝေဖို့လိုပါတယ်။ ဦးသိန်းရီရဲ့အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဦးသိန်းရီတင်သွင်းတဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၆ ပြင်ဆင်ရန်မရှိပါ။ အမှားပြင်ပါ။ ဦးရဲထွန်းမူလတင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးရဲထွန်းအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အပေါ် သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၇ အတည်ဖြစ်ပါတယ်။ အမှတ်စဉ် ၈ ဦးခင်မောင်ရည်က ပြန်လည်ရုပ်သိမ်းကြောင်းပြောထားပါတယ်။ ဦးခင်မောင်ရည်မှန်ပါသလား။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မှန်တဲ့အတွက် အမှတ်စဉ် ၈ အတည်ဖြစ်ပါတယ်။ အမှတ်စဉ် ၉ ဥပဒေကြမ်းကော်မတီက အတည်ဖြစ်ပါတယ်။ အမှတ်စဉ် ၁၀ အတည်ဖြစ်ပါတယ်။ အမှတ်စဉ် ၁၁ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၂ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၃ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း အတည်ဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ ဦးဉာဏ်ဆွေဝင်း၊ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အပေါ် သဘောတူပါသလား။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၄ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်အတိုင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၅ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို သဘောတူပါသလား။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၇ ဦးသန်းစိန် တင်ဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၅ အမှတ်စဉ် ၁၇ အခန်း (၂) အပိုဒ် ၄ အပိုဒ်ခွဲငယ်(င)ကို နိုင်ငံတော်အတွင်းရှိ ကုန်းနေ၊ ရေနေသတ္တဝါများ၊ သစ်ပင်ပန်းမန်စိုက်ပျိုးသီးနှံများ။ အဲ့ဒါကို ကျွန်တော်ကထပ်ပြီးတော့ ရှေးဟောင်းပစ္စည်းများနှင့် သယံဇာတပစ္စည်းများစသည်တို့ကို ထိခိုက်နိုင်သောလုပ်ငန်းများလို့ ထပ်မံဖြည့်စွက်ထားပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။ ဦးသန်းစိန်ရဲ့သဘောတူချက်မှာ ရှေးဟောင်းပစ္စည်းများနေရာမှာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ လို့ဖြည့်စွက်သဘောတူကြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသန်းစိန်တင်သွင်းတဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၉ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၂) အပိုဒ် ၄ မှာ မူလတင်ပြထားတဲ့ အဆိပ်အတောက်အစား ပိုပြီးတော့ အဓိပ္ပာယ်ကျယ်ဝန်းပြီးတော့ အဆိပ်အတောက်အပါအဝင်ဖြစ်နိုင်တဲ့ ဘေးအန္တရာယ်ဆိုတဲ့ စကားလုံးအစားထိုးတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖတ်ပြလိုက်ပါ အစအဆုံး။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ (ဆ)နိုင်ငံတကာသဘောတူညီချက်များအရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းထုတ်လုပ်သည့်စက်ရုံများ သို့မဟုတ် အသုံးပြုသည့်လုပ်ငန်းများလို့ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။။ မှန်ပါတယ်။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသိန်းလွင်တင်ပြတဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၀ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂၁ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၂၂၊ အမှတ်စဉ် ၂၃ အထိ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂၄ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်သဘောတူပါသလား။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၅ ဦးရဲထွန်း တင်ပြဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ပြင်ဆင်ချက်ကတော့ မြန်မာစာသဒ္ဒါအရ စကားလုံးအထားအသိုမှန်ကန်စေရန် ရှေ့နောက်ပြင်ဆင် ခြင်းသာဖြစ်ပါတယ်။ ပြင်ဆင်တဲ့စာသားကတော့ ပုဒ်မ ၆ ပုဒ်မခွဲ(ခ) ပါ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေသည် စုစုပေါင်းမတည်ငွေရင်း၏ ၃၅ ရာခိုင်နှုန်းအနည်းဆုံးပါဝင် ရမည်လို့ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဦးရဲထွန်းပြင်ဆင်တဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၂၆ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အဆို ဦးရဲထွန်း သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၂၇ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်၊ အမှတ်စဥ် ၂၈ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်၊ အမှတ်စဥ် ၂၉ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်၊ အမှတ်စဥ် ၃၀၊ စာမျက်နှာ ၉ ဥပ ဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်၊ အမှတ်စဥ် ၃၁ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်၊ အမှတ်စဥ် ၃၂ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်၊ အမှတ်စဥ် ၃၃ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်တို့သည် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၃၄ ဒေါက်တာစိုင်းကျော်အုန်း တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြင်ဆင်ထားတာကတော့ သဒ္ဒါနည်းလမ်းကျအောင်ဆိုပြီးတော့ "ကို" နှင့် "အား" ကိုပြောင်းပြန် ပြန်ပြီးတော့ ပြင်ထားခြင်းဖြစ်ပါတယ်။ အဆိုပြုချက်ကိုလက်ခံလျှင် ခွင့်ပြုမိန့်ကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအားထုတ်ပေးခြင်းဆိုပြီးတော့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဒေါက်တာစိုင်းကျော်အုန်းရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၅ ဦးသိန်းရီ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်သဘောတူပါသလား။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၁ ဦးသိန်းလွင်တင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အပိုဒ်အသစ်အနေနဲ့ အခန်း(၇) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ)အနေနဲ့ အသစ်ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။ ဖြည့်စွက်တင်ပြခြင်းကတော့ ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများလာရောက်တဲ့အခါမှာ အဆင့်မြင့်နည်းပညာရပ်များကို လွှဲပြောင်းရယူနိုင်ရေးအတွက် ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အပိုဒ်အသစ်အနေနဲ့ ရင်းနှီးမြှုပ်နှံသူသည် မိမိဆောင်ရွက်နေသည့်လုပ်ငန်းဆိုင်ရာ အဆင့်မြင့် ကျွမ်းကျင်မှုနည်းပညာရပ်များကို သက်ဆိုင်သည့်လုပ်ငန်းဌာန သို့မဟုတ် အဖွဲ့အစည်းများသို့ အချိန်ကာလညှိနှိုင်းသတ်မှတ်ပြီး စနစ်တကျလွှဲပြောင်းရေးဆောင်ရွက်ခြင်းဟု ထပ်မံဖြည့်စွက်လိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုပြင်ဆင်ချက်က လက်ရေးနဲ့ပဲဖြစ်ပါတယ်။ ဒါကို ပြန်ရိုက်ပြီးတော့ ပြန်ပေးဖို့ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဦးသိန်းလွင်တင်ပြတဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၄၂ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ် သဘောတူပါသလား။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်ခင်ဗျား။ သို့သော် ဒီနေရာမှာ ကျွန်တော်ဖြည့်စွက်တင်ပြလိုတာကတော့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်သည် ကျွန်တော်တို့ ပင်မဥပဒေမှာ ဖော်ပြချက်ဖြစ်ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးတင်ပြချက်တွေရှိပါ တယ်။ အချိန်ကို ငဲ့ညှာပြီးတော့ အတိုချုပ်တင်ပြပြီးတော့ နည်းဥပဒေမှာတော့ ဒါကို ကျွန်တော်တို့ အသေးစိတ်ဆွေးနွေးတင်ပြချက်လေး ကျွန်တော်တို့ ကော်မတီအတွင်းမှာ လုပ်ပြီးပါပြီ။ အဲ့ဒါလေးကို ဖော်ပြပေးဖို့ မှတ်တမ်းတင်ထားစေလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းနဲ့ ဦးသိန်းလွင်တင်ပြတဲ့အချက်ကို မှတ်တမ်းအဖြစ်ထားရှိပြီး ပြည်ထောင်စုဝန်ကြီးများဘက်က နည်းဥပဒေဆောင်ရွက်တဲ့အခါမှာ ထည့်သွင်းဆောင်ရွက်ဖို့ မှတ်သားဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စီမံ/စီးပွားက ခုနဦးသိန်းလွင်ပြောတာလေး မှတ်ထားပြီးတော့ နည်းဥပဒေကျရင် ထည့်ပြီးဆောင်ရွက်ပေးပါမယ်။ အမှတ်စဉ် ၄၃ ဦးရဲထွန်း တင်ပြဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်မှာ အမျိုးသားလွှတ်တော်က မူလပြဋ္ဌာန်းချက်မှာပါတဲ့ စာသားကိုပြင်ဆင်ပြီးတော့ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏အစုရှယ်ယာအားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းဆိုပြီးတော့ အစားထိုးထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီထက်ပိုမိုပြည့်စုံတဲ့ အပိုဒ်တစ်ခုကို အခန်း(၇) အပိုဒ် ၁၃ ရဲ့အောက် အပိုဒ်ခွဲ(ဆ)အဖြစ် အသစ်ဖြည့်စွက်

ခဲ့ပါတယ်။ အဲ့ဒီက ဖြည့်စွက်ခဲ့တဲ့စာသားများဟာ မူလပြဋ္ဌာန်းချက်ပါ အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)နဲ့ တစ်ထပ်တည်းကျပါတယ်။ ဒါကို အမျိုးသားလွှတ်တော်ကအတည်ပြုခဲ့ပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း သဘောတူခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီအပိုဒ်ကိုရော အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတဲ့အပိုဒ်ကိုပါ ပယ်ဖျက်ပေးဖို့ အဆိုတင်ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီသဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးသဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ဦးရဲထွန်းရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၄ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၅ ဦးရဲထွန်းတင်ပြဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ခုနက သီးခြားဆွေးနွေးတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တချို့က ဦးရဲထွန်း တင်ပြမယ်ဆိုပြီးတော့ ဒီလိုမှတ်ချက်ပေးထားတာရှိပါတယ်။ ဒါ့ကြောင့် ဦးရဲထွန်းကို တင်ပြခိုင်းခြင်း ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဒီအခန်း ပြင်ဆင်ချက်ကတော့ ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းပြီးတော့ ခွင့်ပြုမိန့်ရရှိရန်ဆိုတဲ့စကားလုံးကိုဖျက်ပြီး ခွင့်ပြုမိန့်လျှောက်ထားခြင်းလို့ ပြင်ဆင်ထားတာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီသဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးရဲထွန်း တင်သွင်းတဲ့ အခန်း(၈) ခွင့်ပြုမိန့်လျှောက်ထားခြင်း ဆိုတဲ့စကားရပ် ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၆ ဦးရဲထွန်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ကလည်း ဥပဒေကြမ်းကော်မတီနဲ့ညှိနှိုင်းပြီးတော့ မူလဥပဒေကြမ်းကော်မတီ တင်ပြထားတဲ့အထဲက စကားလုံး တချို့ကို ဖြုတ်ပယ်လိုက်တာသာ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါက ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆို ပြုချက်တင်သွင်းရမည်လို့ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘော တူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဦးရဲထွန်း ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၁၃ အမှတ်စဉ် ၄၇ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဦးရဲထွန်း သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘော တူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၄၈ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဦးရဲထွန်း သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၄၉ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ဦးရဲထွန်း သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၀ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၁ ဒေါက်တာစိုင်းကျော်အုန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်ကတော့ အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နဲ့အလုပ်သမား၊ အလုပ်သမားနဲ့ အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့်အငြင်းပွားမှုများကို သက်ဆိုင်ရာတည်ဆဲဥပဒေများနဲ့အညီ ဖြေရှင်းရမည်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ အလုပ်သမားဆိုတဲ့ဟာကို ဖြုတ်ထားခြင်းဖြစ်ပါတယ်။ နည်းနည်းချုပ်တဲ့သဘောဖြစ်သွားပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဒေါက်တာစိုင်းကျော်အုန်း အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၁၅ အမှတ်စဉ် ၅၂ ဖြစ်ပါတယ်။ ဦးရဲထွန်း ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်က တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကျွန်တော်တို့ အများပြည်သူအကျိုးငှာ ဒီ ပြည်သူပိုင် သိမ်းနိုင်တယ်ဆိုတဲ့ သဘောမျိုး ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ညီညွတ်မှုရှိစေရန် ပြန်လည်ပြီးတော့ ညှိနှိုင်းပြီးရေးသားထားတာဖြစ်ပါတယ်။ အဲဒီရေးသား ထားချက်ကို ဖတ်ပြပါမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းတည်ထောင်လုပ်ကိုင် နေသည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟု အာမခံသည်လို့ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဦးရဲထွန်း တင်သွင်းတဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၃ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ဦးရဲထွန်း သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုင်းကျော်အုန်း သဘောတူပါသလား။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၄ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။အမှတ်စဉ် ၅၅ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၆ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အပေါ် ဒေါက်တာစိုင်းကျော်အုန်း သဘောတူပါသလား။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၇ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ် သဘောတူပါသလား။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)။** ။ သဘောတူပါတယ်ခင်ဗျား။ သို့သော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နောက်တိုးပွားလာမယ့် နိုင်ငံသားတွေနဲ့ပတ်သက်လို့ အကျိုးစီးပွားကို မထိခိုက်စေဘဲနဲ့ စိစစ်ခွင့်ပြုရမယ်ဆိုတဲ့အချက်ကို ထည့်သွင်းထားတာဖြစ်တဲ့အတွက် ဒီအပိုဒ်ကို သဘောတူသော်လည်းပဲ ဒါကို အလေးအနက်ထားပြီးတော့ စဉ်းစားပြီးတော့ နည်းဥပဒေအပိုင်းမှာ ထည့်သွင်းရေးဆွဲပေးဖို့ ကျွန်တော်တောင်းဆိုလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်ဆွေဝင်း ပြန်ပြီးတော့ တင်ပြပေးပါ။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ဒီမှာ ကျွန်တော်တို့ မူလဖော်ပြချက်က ကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရရှိသူထံမှ ကနဦးသဘောတူညီချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ယင်းမြေပေါ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ခွင့်ပြုနိုင်သည်လို့ ဖော်ပြထားပါတယ်။ သို့သော်လည်းပဲ အဲ့ဒီမှာ ကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာဆိုတဲ့အပိုဒ်မှာ ပိုမိုပြီးတော့ လေးနက်စေလိုတဲ့အတွက် နောင်တိုးပွားလာမယ့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုမထိခိုက်စေဘဲ စိစစ်ခွင့်ပြုသည့် မြေငှားရမ်းခွင့်ရှိသူဆိုပြီးတော့ ဒီအပိုဒ်ကို ကျွန်တော် ထည့်သွင်းတာဖြစ်ပါတယ်ခင်ဗျား။ ဒါကျွန်တော်တို့ နိုင်ငံတော်ရဲ့ နောင် အကျိုးစီးပွားအတွက်ကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စကတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနဘက်က ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် မှတ်သားပေးပါ။ ဦးရဲထွန်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်သဘောတူပါသလား။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ သဘောတူပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၈ အမှတ်စဉ် ၅၇ က ဟိုဖက်က ဥပဒေကြမ်းကော်မတီက ဒီဖက်ကို ကူးယူလာတယ်ဟုတ်လား။ အမှတ်စဉ် ၅၈ ဖြစ်ပါတယ်။ အမှတ်စဉ် ၅၈၊ အ မှတ်စဉ် ၅၉၊ အမှတ်စဉ် ၆၀၊ အမှတ်စဉ် ၆၁၊ အမှတ်စဉ် ၆၂၊ အမှတ်စဉ် ၆၃၊ အမှတ်စဉ် ၆၄ အထိ ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂၀ အမှတ်စဉ် ၆၅ ဦးသိန်းရီ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ရဲ့ ပြင်ဆင်ချက်အဆိုဟာ အပိုဒ် ၄၁ မှာ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုစသည့်မတည်ငွေရင်းကြီးမားသည့် ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူ၏ မတည်ရင်းနှီးငွေကိုအပြည့်အဝသုံးစွဲ၍ သတ်မှတ်ထားသောလုပ်ကွက်၌ သတ်မှတ်ထားသောကာလအတွင်း ဖြစ်နိုင်စွမ်း ရှိ၊ မရှိ လေ့လာခြင်း၊ စမ်းသပ်ရှာဖွေခြင်း၊ တိုင်းတာခြင်းနှင့် တူးဖော်ခြင်း၊ စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့်အဆင့်သို့ရောက်ရှိစေရန် ဆောင်ရွက်ခြင်းအတွက်

ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေနှင့်အညီ အခွင့်အာဏာ အပ်နှင်းထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ရင်းနှီးမြှုပ်နှံသူတို့အကြား ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားခြင်းစနစ်ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အဆိုတင်ပြလာလျှင် စိစစ်၍ခွင့်ပြု နိုင်သည်။ ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိပါက ရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် အကျိုးအမြတ်ကာမိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေနှင့်အညီ အခွင့်အာဏာအပ်နှင်းထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ရင်းနှီးမြှုပ်နှံ သူတို့အကြား အချိုးကျအကျိုးအမြတ်ခွဲဝေခံစားခွင့်ရှိစေရမည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘော တူပါတယ်။

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ဦးသိန်းရီ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၆၆၊ ၆၇၊ ၆၈၊ ၆၉ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၇၀ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ ကျွန်တော် အမှတ်စဉ် ၇၀ ပြင်ဆင်ရန်တင်ပြတဲ့အခါ မှာ အပိုဒ်အနေနဲ့ကတော့ ၄၇ ဖြစ်သွားပါတယ်။ အဲ့ဒီတော့ အပိုဒ် ၄၇ မှာက ဤဥပဒေအရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက်လို့ ဆိုထားတဲ့နေရာမှာ သဘောရိုးနဲ့ ဆောင်ရွက်တယ်ဆိုတဲ့ကိစ္စက ကျွန်တော်ထပ်ပြီးပြင်လိုက်တာက သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း ခိုင်လုံသည့်သက်သေသာဓကများ ပြည့်စုံသော ကိစ္စတစ်ရပ်ရပ် အတွက် အဲ့ဒီလို ကျွန်တော် ပြင်ထားတာဖြစ်ပါတယ်။ ဒီပြင်ထားရတဲ့ အကြောင်းရင်းကိုလည်းပဲ ကျွန်တော် ဥပဒေကြမ်းကော်မတီကိုလည်းပဲ ကျွန်တော် တင်ပြထားပြီး ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီကိစ္စ

ကတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ လူတစ်ယောက်က အပြစ်ရှိရင်တောင်မှ လွယ်လွယ်လေးနဲ့ ခွင့်လွှတ်တတ်တဲ့ သဘောလေးတွေရှိတယ်။ ထွက်ပေါက်ပေးတဲ့ သဘောလေးတွေရှိတယ်။ ဖုံးထား ဖိထားပေးတဲ့ ကိစ္စလေးတွေရှိတယ်။ အဲ့ဒီကိစ္စလေးတွေကို ကျွန်တော်တို့က သဘောရိုး၊ သဘောရိုးလို့ လက်ခံလိုက်ရုံနဲ့ ဒီကိစ္စတွေကပြီးမသွားဘဲနဲ့ ကြီးထွားလာပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဆိုရှယ်လစ်ခေတ်ကလည်း တောက်လျှောက်တွေ့ခဲ့ရသလို ဒီဘက်ခေတ်မှာလည်း တောက်လျှောက် တွေ့ခဲ့ရတာက ဒီအဂတိလိုက်စားမှုကိစ္စမျိုး ကျယ်ပြန့်လာတဲ့ကိစ္စဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော် တို့က သဘောရိုးဆိုပြီးတော့ လွယ်လွယ်လေးနဲ့ ခွင့်လွှတ်လိုက်မယ့်အစားသဘောရိုးနဲ့ ဆောင်ရွက် ကြောင်း ခိုင်လုံတဲ့သက်သေသာဓကများ ပြည့်စုံမှသာလျှင် ကျွန်တော်တို့က ဒါကို သဘောရိုးလို့ လက်ခံဖို့ ကျွန်တော်အဆိုပြုခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဦးကြည်မြင့်၊ လသာနဲ့ ညှိနှိုင်း ပြင်ဆင်ထားချက်အရ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ခိုင်လုံသည့်ကိစ္စတစ်ရပ်ရပ်အတွက်လို့ ပြင်ဆင်သဘောတူထားခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးကြည်မြင့် မှန်ပါသလား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ ကျွန်တော် ဥပဒေကြမ်းကော်မတီနဲ့ ဒါ ခိုင်လုံသည့် သက်သေသာဓကများ ပြည့်စုံသော ဒီလိုစကားလုံးကို ညှိထားပါတယ်။ ခိုင်လုံသည့် သက်သေသာဓက များပြည့်စုံသောကိစ္စတစ်ရပ်ရပ်။

**ဥက္ကဋ္ဌ။** ။ ခိုင်လုံတဲ့ သက်သေသာဓကများ ပြည့်စုံသောကိစ္စတစ်ရပ်ရပ်။ ဒါဆို ပြည့်စုံပြီ လား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့ခင်ဗျ။ ကိစ္စတစ်ရပ်ရပ်အတွက်ပါ။ ပြည့်စုံပါပြီ ခင်ဗျ။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးကြည်မြင့် တင်ပြတဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၇၁၊ အမှတ်စဉ် ၇၂၊ အမှတ်စဉ် ၇၃ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် လက်ထောင်တယ်ဟုတ်လား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)** ။ ။ အမှတ်စဉ် ၁၆ ကျန်သွားပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၆ ကျန်သွားတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)** ။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၆ ဦးခိုင်မောင်ရည် တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြုပြဋ္ဌာန်းချက်ကို ကျွန်တော်ပြင်ထားတာ ဂေဟာစနစ်ကိုထည့်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဖတ်ပြပါ။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)** ။ ။ အဲ့ဒါကို ဥပဒေကြမ်းကော်မတီရယ်၊ ဝန်ကြီးဌာနရယ်ပေါင်းပြီးညှိလိုက်တဲ့အခါမှာ သဘာဝအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့် ဂေဟာစနစ်ကို ထိခိုက်ပျက်စီးစေသော လုပ်ငန်းများလို့ ပြင်ထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဒါနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီ သဘောတူပါသလား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သဘောတူတဲ့အတွက် ဦးခိုင်မောင်ရည် ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း မပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်းတစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို တင်ပြတာကတော့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်ပြတာ ဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ နိုင်ငံခြားသားများ အထူးသဖြင့် ဂျပန်နိုင်ငံခြားသားများ၊ ပညာရှင်များခေါ်ယူပြီးတော့ ဆောင်ရွက် ကြောင်းလည်း သိရပါတယ်။ ဒီလိုတင်ပြတာက ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက သတင်းမီဒီယာဂျာနယ် တွေထဲမှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ဒီနိုင်ငံခြားသားများ၊ ဂျပန်ပညာရှင်များခေါ်ယူပြီးတော့ ဆွေးနွေးနေတယ်၊ ဥပဒေတွေပြုနေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်မှာ ဥပဒေပြုတဲ့ အခါမှာ သူတို့ပါခေါ်ပြီးတော့ ပြုရင်ကောင်းမယ်ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဦးကြည်သာက သီးခြားတင်ပြခဲ့ပါတယ်။ ဒီနေ့ကျတဲ့အခါကျတော့ ဝန်ကြီးက ဒီအကြောင်းတွေကို ရှင်းပြတဲ့အတွက် ဒီဥပဒေကြမ်းပြုတဲ့နေရာမှာ ဝန်ကြီးဌာနအနေနဲ့ အဲ့ဒီနိုင်ငံခြားသားများနှင့် အခြား ပညာရှင်များ၊ အခြားဌာနအသီးသီးကသူများ ပါထားပြီးဖြစ်တယ်ဆိုတာသိရပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနကတင်ပြလိုက်တဲ့ ဥပဒေကြမ်းတွေကို အစိုးရအဖွဲ့ရောက်တဲ့အခါမှာလည်း အစိုးရအဖွဲ့မှာ ရှိတဲ့ အကြံပေးပုဂ္ဂိုလ်များ၊ ရွှေနန်းချုပ်ရုံးမှာရှိတဲ့ အကြံပေးပုဂ္ဂိုလ်များဟာလည်း ဒီဟာတွေကို အကြံပြုပြီးဖြစ်တယ်လို့သိရပါတယ်။ အဲ့ဒီကမှတစ်ဆင့် အမျိုးသားလွှတ်တော်ရောက်တဲ့အခါမှာ

အမျိုးသားလွှတ်တော်အပိုင်း၊ ပြည်သူ့လွှတ်တော်ရောက်တဲ့အခါမှာ ပြည်သူ့လွှတ်တော်အပိုင်း ဒီလို အကြိမ်ကြိမ်ပြင်ဆင်ပြီးပြီဆိုတာလည်း သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းဟာ ကျွန်တော်တို့ အတွက် ပြည့်စုံကောင်းမွန်တဲ့ ဥပဒေကြမ်းတစ်ရပ်ဖြစ်သလို ဒီဥပဒေကြမ်းပေါ်လာပြီဆိုရင်တော့ ဒီနေ့ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံတဲ့လူတွေ ဒါကြည့်ပြီးတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှု ရဲရဲတင်းတင်း လုပ်နိုင်မယ့်အနေအထားရှိကြောင်းလည်း ကျွန်တော့်အနေနဲ့ ဒီလိုသိရပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၁၅-၂-၂၀၁၂ ရက်နေ့က အတည်ပြုခဲ့တဲ့ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၁-၂-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၁၄-၃-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၁၅-၃-၂၀၁၂ ရက်နေ့ ၁၄း၀၀နာရီအချိန်အထိ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အလုပ်သမားရေးရာအငြင်းပွားမှု

ဖြေရှင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးအစ ကနဦးမှာ ကျွန်တော်တင်ပြခဲ့တဲ့ ပြည်ထောင်စုအစိုးရရဲ့ ၁၄ ရက်နဲ့ ၁၅ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ဝန်ထမ်းများရဲ့ လစာစရိတ်၊ ဝေးလံခေါင်သီတဲ့နေရာများမှာ တာဝန်ထမ်းဆောင်နေတဲ့ စရိတ်များ ဒီလိုတိုးမြှင့်ဆောင်ရွက်ပေးတဲ့နေရာမှာ မနေ့က ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ ညှိနှိုင်းချက်များကြောင့်သာ ဖြစ်ပါတယ်။ အဲ့ဒီလို ဆွေးနွေးညှိနှိုင်းတဲ့အခါမှာ မူလကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ တင်ပြဆွေးနွေးတောင်းခံခဲ့တဲ့ သက်ဆိုင်ရာနယ်မြေမှာ ဆောင်ရွက်ပေးဖို့ကိစ္စရပ်များ ဥပမာအားဖြင့် လမ်းတံတားကိစ္စ၊ နောက် ကျောင်းကိစ္စ၊ ဆေးရုံကိစ္စများကိုလည်း ပြည်ထောင်စုအစိုးရက လာမည့်နှစ်၊ လာမယ့်ဘတ်ဂျက်အတွင်းမှာ ဆောင်ရွက်ပေးဖို့ မှတ်သားဆောင်ရွက်ထားတာရှိပါတယ်။ အဲ့ဒီအတွက်လည်း မနေ့ကတုန်းက ညှိနှိုင်းဖြတ်တောက်တဲ့နေရာမှာပါရှိခြင်းမရှိဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်များ တောင်းခံထားတဲ့ဟာတွေကို လာမည့်နှစ်ဘတ်ဂျက်မှာ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီရဲ့ အကျိုးဆက်အနေနဲ့ မလုပ်သင့်တာတွေမလုပ်၊ ရွှေ့ဆိုင်းသင့်တာရွှေ့ဆိုင်း၊ ရပ်ဆိုင်းသင့်တာရပ်ဆိုင်းခဲ့တဲ့အတွက် တင်ပြခဲ့တဲ့ ဝန်ထမ်းများရဲ့လစာစရိတ်နဲ့ ဝေးလံခေါင်သီတဲ့နေရာမှာရှိတဲ့ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးနိုင်ခြင်းဖြစ်သလို ကျွန်တော်တို့ ပြီးခဲ့တဲ့ စီမံကိန်းနဲ့ဘတ်ဂျက်အပေါ်မှာ ဆောင်ရွက်ထားတဲ့ လိုငွေအချိုး GDP လိုငွေက အဲ့ဒီအချိန်မှာ ကျွန်တော်တို့သိရတာက ၂.၁ Trillion ပတ်ဝန်းကျင်မှာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ စေတနာနဲ့ဆောင်ရွက်ခဲ့တဲ့အတွက် လိုငွေများလည်း လျော့နည်းသွားပါတယ်။ ဘယ်လောက် လျော့နည်းသွားတယ်ဆိုတာတော့ ဘတ်ဂျက်ရေးဆွဲတင်ပြတဲ့အခါမှာ လိုငွေအချိုး GDPဟာ လျော့နည်းသွားတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် ကြွေးမြီများလျော့နည်းသွားတာဖြစ်ပါတယ်။ ဒီဟာသည် လွှတ်တော်ကိုယ်စားလှယ်များ စိတ်ထားစေတနာမှန်ကန်စွာနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးခဲ့တဲ့ဟာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဂုဏ်ယူရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တချို့ဆွေးနွေးချက်တင်ပြချက်များကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း အသေးစိတ်တော့လည်း မသိတာတွေလည်းရှိပါတယ်။ အဲ့ဒါဘာလဲဆိုတော့ တချို့လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ဥပမာအားဖြင့် ဆည်တစ်ခုလုပ်တယ်၊ လုပ်တဲ့အခါမှာ ဒီဆည်မှာက ဆည်ရေသောက်ရရှိဖို့အတွက် တစ်ဧကကို ကျပ်သိန်းဂဏန်းဆိုတာ သိန်းခုဂဏန်း၊ တချို့ဆည်တွေကျတော့ သိန်းဆယ်ဂဏန်း၊ တချို့ဆည်တွေကျတော့ သိန်းရာဂဏန်းကျော်ကျော်အထိ

ရှိနေတယ်ဆိုတာကို အဲ့ဒီမှာ တာဝန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက တွေ့ရှိတဲ့အတွက် အဲ့ဒီလို ဆည်မြောင်းတွေကိုတော့ ပြန်လည်သုံးသပ်ပြီးတော့ စီးပွားရေးတွက်ခြေကိုက်မှု ရှိ၊ မရှိ။ အကျိုး ရှိ၊ မရှိ ဆိုတာကို ပြန်လည်သုံးသပ်ပေးပါဆိုတဲ့ဟာမျိုးတွေကိုလည်း ပါရှိခဲ့ပါတယ်။ အဲ့ဒါမျိုးတွေကိုလည်း ရပ်ဆိုင်းပေးခဲ့ပါဆိုတာလည်း ပါရှိတာရှိပါတယ်။ ဒါကို မနေ့က တင်ပြဆွေးနွေးတဲ့နေရာမှာ ဒီဟာ မပါတဲ့အတွက် မဲခွဲဆုံးဖြတ်တဲ့နေရာမှာ အကယ်လို့သာ မှားယွင်းဆုံးဖြတ်ခဲ့တယ်ဆိုလို့ရှိရင် ခုနက ဖြတ်တောက်ထားတဲ့ဟာတွေက ပြန်ပေးလိုက်ရပြီးတော့ အခုလိုဖြစ်ချင်မှ ဖြစ်လာမယ့် အနေအထား ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာက သက်ဆိုင်ရာတာဝန်ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေက လွှတ်တော်ရဲ့ကိုယ်စား တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီလို တင်ပြတဲ့အခါမှာ မိမိတို့ ဘာကြောင့် ဘယ်လိုတင်ပြရတယ်ဆိုတာလည်း လွှတ်တော်ကိုယ်စားလှယ်များ နားလည်အောင် တင်ပြတဲ့အခါမှာ တစ်ပါတည်းတင်ပြဖို့လိုပါတယ်။ တင်ပြတာက ပြည်ထောင်စုလွှတ်တော်နာယကမှ တစ်ဆင့် ပြည်ထောင်စုကိုယ်စားလှယ်များကို တင်ပြတာဖြစ်ပါတယ်။ အစိုးရကို တင်ပြတာမဟုတ်ပါ ဘူး။ လူပုဂ္ဂိုလ်ကိုတင်ပြတာမဟုတ်ဘူး။ ဘာကြောင့် ကျွန်တော်တို့က ဒီလိုစဉ်းစားပြီးတော့ ဒီလို ဆုံးဖြတ်ဆောင်ရွက်ထားတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များနားလည်မှသာ လွှတ်တော် ကိုယ်စားလှယ်များက မှန်ကန်တဲ့အဖြေကို ပေးနိုင်မှာဖြစ်ပါတယ်။ မနေ့က ကျွန်တော်တို့ ကိုယ်စားလှယ်များ တင်ပြတဲ့နေရာမှာ တချို့နားလည်မှုလွဲသွားနိုင်တဲ့ အနေအထားရှိပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော်တို့ကိုယ်စားလှယ်များအနေနဲ့ကလည်း ဘာလဲဆိုတဲ့အခါမှာ ငါတို့တောင်းခံ ထားတဲ့ဆည်မြောင်းကိစ္စ၊ လမ်းတံတားကိစ္စ၊ ကျောင်းကိစ္စတွေက အခုလိုသာ ပြောလိုက်မယ်ဆိုရင် ပါမှာမဟုတ်တော့ဘူးဆိုပြီးတော့လည်း ဒီလိုတွေးထင်ပြီးတော့ ဆောင်ရွက်နိုင်တာတွေလည်း ရှိပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာက ကိုယ်စားလှယ်တစ်ယောက်ရဲ့အဆိုဟာ လွှတ်တော် ရဲ့အဆိုဖြစ်တယ်ဆိုလို့ရှိရင် လွှတ်တော်မှာရှိတဲ့ တက်ရောက်တဲ့လူများအားလုံးနားလည်အောင်လည်း ရှင်းပြပေးဖို့လိုပါတယ်။ ဒါမှသာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်တွေက အပင်ပန်းခံပြီးတော့ စေတနာ နဲ့ဆောင်ရွက်တဲ့ကိစ္စမှာစေတနာလည်း ပေါ်လွင်မယ့်သဘောလည်းရှိပါတယ်။ ဒါ့ကြောင့်လည်း ဒီဟာ ပြောတာတခြားမဟုတ်ပါဘူး။ အခု ကျွန်တော်တို့ ဒီဥပဒေကြမ်းတွေဖြစ်လာဖို့ဆိုတဲ့အခါမှာ တကယ့်ကို စေတနာထားပြီးတော့ တာဝန်အရ စေတနာထားပြီးလုပ်ခဲ့တဲ့နေရာမှာ အများကြီးပင်ပန်းကြပါတယ်။ ဒီအတွက်လည်း ကျွန်တော် အသိအမှတ်ပြုပါတယ်။ အဲ့ဒီအတိုင်းပဲ ကျွန်တော်တို့ ရှေ့သွားမယ့်ခရီး မှာလည်း ခုနကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ ဒီလိုပဲ စေတနာမှန်မှန်ကန်ကန်နဲ့ လုပ်နည်းလုပ်ဟန် မှန်ကန်စွာနဲ့ ဥပဒေနဲ့အညီ နှစ်ဖက်နားလည်မှုရှိအောင် ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် အထူး

သဖြင့်တော့ လွှတ်တော်နဲ့ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ကြားမှာ နားလည်မှုရှိပြီး မှန်မှန်ကန်ကန်ဆောင်ရွက်သွားနိုင်မယ့် အနေအထားဖြစ်မယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိရှိဆောင်ရွက်ဖို့လိုအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၆) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ထပ်မံကြေညာမှာဖြစ်ကြောင်း ကြေညာပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၅း ၂၅ ။**

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၁၅း၂၅ နာရီတွင် ရပ်နားပါသည်။]